

# ရွှေရိုး
# ကိုးပေါက်
# ဒိုးဒိုး
# ဒေါက်ဒေါက်



# အမျိုးသားစာပေ နှစ်ထပ်ကွမ်းဆုရှင် ရေနံမြေမောင်မောင်ကြည်၏ အမှာစာ

သူ့သရော်စာများနှင့် ပတ်သက်၍ တော့

သူ၏ Myanmar Post Global ဂျာနယ်ထဲတွင် အမြဲမပြတ်ပါရှိသော အကြောင်းအရာစုံ သရော်စာအဖုံဖုံတို့ကို ဖတ်ရှုပြီး ပြုံးတုံ့တုံ့ဖြစ်ခဲ့ရသည်မှာကြာပြီ။ ယင်းမှာ ကျေနပ်မှုလွှမ်းသော ခံစားမှုတစ်ရပ်ကြောင့်ဟုလည်း ဆိုနိုင်သည်။

သူက ပုဂ္ဂိုလ်ကြီးတစ်ဦးဦး သို့မဟုတ် ပါတီအဖွဲ့အစည်းကြီးတစ်ခုခုတို့၏ လတ်ဆတ်သော အကြောင်းအရာအငွေ့အသက် သတင်းများကိုမူတည်ကာ ထေ့လုံးငေါ့လုံးများ မထိတထိဟန်ပန် များနှင့် ရေးသားထားသောကြောင့်ဖြစ်သည်။

တစ်ချိန်တုန်းက ဆရာဇဂနတို့၊ ဆရာအောင်ဗလတို့၊ ဆရာမောင်သော်ကတို့၊ ဆရာဈာန်ရ တို့လို အတွေးအခေါ်များ သက်ဝင်နေသောကြောင့်လည်း နိုင်ငံရေးဓာတ်ခံရှိသူများ ပိုမိုနှစ်ခြိုက် ခြင်းဖြစ်မည်။ သို့ကြောင့်ပင် သူ့သရော်စာများကို မဖတ်မဖြစ်လှန်လှောဖတ်ရှုရသည်။ ကြိုက်နှစ်သက်ပါသည်ဟု ဆိုရပေမည်။

တကယ်တော့ မိမိတို့ စာပေလောက၌ သရော်စာများရေးရသည်မှာ မလွယ်ခက်လှသည်။ တော်ရုံတန်ရုံမရေးနိုင်ကြပေ။

နိုင်ငံရေး အတွေ့အကြုံ၊ စာပေအတွေ့အကြုံများနှင့် ခေတ်အမြင်ရှိပြီး သုံးသပ်နိုင်မှသာ ရေးသားနိုင်မည်ဖြစ်သည်။

သို့မှသာ မိမိရေးလိုသော ခေတ်အမြင် အကြောင်းအရာများ ထင်ဟပ်ကာ အချက်အလက် ထိုးနှက်ချက်များကို စာဖတ်ပရိသတ်များအား ဖမ်းစားထားနိုင်မည်ဖြစ်သည်။

အမှန်တော့ မိမိပြောချင်သော ခံစားရသော အကြောင်းအရာများသည် စာဖတ်ပရိသတ်နှင့် တစ်ထပ်တည်းကျနေသောကြောင့်လည်းဖြစ်သည်။

ထို့ကြောင့်ပင် သူ၏ သရော်စာအများစုသည် ခေတ်အမြင်၊ ခေတ်အတွေးသုံးသပ်ချက်များ နှင့်အတူ ဆင်းရဲသားအဖိနှိပ်ခံ လူတန်းစားများဘက်မှရပ်တည်ကာ မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ သရုပ်သကန်ဖော်ပြီး စာဖတ်ပရိသတ်အများစုအတွက် ထိရှသောဝေဒနာတစ်ခုခုကို ပေးစွမ်းနိုင်သည့်ပုံရိပ်များဟု သတ်မှတ်နိုင်ကြောင်း သိသာထင်ရှားလှပါတော့သည်။

**ရေနံမြေမောင်မောင်ကြီး**

**(အမျိုးသားစာပေထပ်ဆင့်ဆုရ)**

******

# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

"ရွာရိုးကိုးပေါက် ဒိုးဒိုးဒေါက်ဒေါက်" အမည်ဖြင့် Myanmar Post Global သတင်းဂျာနယ် တွင် စာရေးသူအပတ်စဉ်ရေးသားခဲ့သော ဤဆောင်းပါးများသည် စင်စစ် "သရော်စာ" များသာ ဖြစ်၏ ။

သရော်စာများဖြစ်သည်နှင့်အညီ တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် မျက်နှာစာအသီးသီးတွင် လိုရာမပြီးမြောက်ခရီးမရောက်ဘဲ အမြီးအမြောက်လွဲပြီး မညီမညွတ်နှင့် ကချော်ကချွတ်ဖြစ်နေပုံများကို အပြုသဘောဝေဖန်သောအားဖြင့် သရော်ရုံသာ သရော်၏ ။ မည်သူ့ကိုမျှ မဆော်ပါ။

ကူးတို့ဆိပ်တွင် မှို့အိတ်ဖွင့်သလို မဖွပါ.........။ အစကလေးပေါ်ရုံသာ ဖော်ပါ၏ ။

အတူတူနှင့်အနူနူကြား လူအများကို တရားမဟောပါ။ စကားပြောသလိုဖြင့်သာ သိသင့်ရာ ကို သိစေပါ၏ ။

မကြည့်ချင် မြင်လျက်သား၊ နားမထောင်ငြား ကြားလျက်သားဖြစ်နေသော ပစ္စက္ခ မျက်မှောက်ကာလ ဤတိုင်းပြည်၏ ထော်လော်ကန့်လန့် ကိစ္စရပ်များကို စတုတ္ထမဏ္ဍိုင်၏ ရှုထောင့်မှနေ၍ မယိမ်းမယိုင် စိတ်ဓာတ်ခိုင်ခိုင်ဖြင့် တာဝန်သိစွာထောက်ပြဝေဖန်ထားသော သရော်စာများသာဖြစ်သည်။

သရော်စာဖြစ်၍ ကလော်သင့်သူကို ကလော်၏ ။ အကြောင်းမဲ့အားဖြင့်မူ မည်သူ့ကိုမျှ မဆော်ပါခင်ဗျား။ ။

**မင်းယဉ်စု**

******